# ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[ ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၆ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၇) ကို အောက်ပါပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည်—

(၇) ပြည်သူ့ကိုယ်စားလှယ် ရွေးချယ် တင် မြှောက် ပွဲ များ ကျင်းပရေးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းကို ပြုစုခြင်း၊ ကြေငြာခြင်း၊ လိုအပ်သလိုပြင်ဆင်ခြင်း၊ မဲစာရင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ခြင်း။